# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁/ ၂၀၂၄)　　　　၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁၀) ရက်

| ၁၀ – ၁ – ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၉၈.၀ |
| စင်္ကာပူဒေါ်လာ | ၁,၅၇၆.၈ |
| စတာလင်ပေါင် | ၂,၆၆၇.၄ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၄၉.၃ |
| တရုတ်ယွမ် | ၂၉၂.၈၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၅၇ |
| အိန္ဒိယရူပီး | ၂၅.၂၈၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၉၇ |
| မလေးရှား ရင်းဂစ် | ၄၅၁.၈၁ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၃၃၅ |
| ထိုင်းဘတ် | ၆၀.၀၅၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၀၈၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ထွက် အရည်အသွေးမြင့်ကော်ဖီစေ့များသည် ကော်ဖီအမှတ်တံဆိပ်များအတွက် ဆွဲဆောင်မှုရှိလာ

➢ မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီး တင်ပို့မှုကို ၂၀၂၄ ခုနှစ်တွင် စတင်မည်ဟု မျှော်မှန်းထား

➢ ဗီယက်နမ်နိုင်ငံမှ ဖရဲသီးများသည် တရုတ်စျေးကွက်သို့ ဝင်ရောက်ခွင့်ရရှိ

➢ အိန္ဒိယနိုင်ငံ၏ ယခုသီးနှံနှစ်၊ ဆောင်းသီးနှံ (ရာဘီ) စိုက်ပျိုးဧရိယာသည် ယခင် နှစ် စံချိန်နီးနီးသို့ရောက်ရှိလာ

➢ အောက်တိုဘာလမှ ဒီဇင်ဘာအတွင်း အိန္ဒိယနိုင်ငံ၏ သကြားထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက 7.6 ရာခိုင်နှုန်း ကျဆင်း

➢ ရုရှားနိုင်ငံ၊ အရှေ့ဖျားဒေသမှ ရေထွက်ကုန်များတင်ပို့မှုသည်၂၀၂၃ ခုနှစ် တွင် ၇၂ ရာခိုင်နှုန်း တိုးတက်ခဲ့

➢ တူရကီယဲနိုင်ငံသည် ရုရှားနိုင်ငံသို့ ဒုတိယအကြိမ် ကြက်ဥများ တင်ပို့ခဲ့

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံ၏ ရုရှားနိုင်ငံမှ ရေနံစိမ်းတင်သွင်းမှုသည် ငွေပေးချေမှုဆိုင်ရာ အခက်အခဲများ ကြောင့် ဒီဇင်ဘာလတွင် ကျဆင်း

➢ 2024 ခုနှစ် အောက်လွှတ်တော် (Lok Sabha) ရွေးကောက်ပွဲအပြီးတွင် အိန္ဒိယနှင့် ဩစတြေးလျတို့သည် ကုန်သွယ်မှုဆိုင်ရာ အလုံးစုံသဘော တူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်

- ➢ တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့်ဖွံ့ဖြိုးတိုးတက်ရေးဇုန်များသည် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တည်ငြိမ်စေရန်အတွက် အရေးကြီးသော စကြိုးများဖြစ်လာ
- ➢ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုနှင့် မိတ်ဖက်များ၏ စီးပွားရေးကို လှုံ့ဆော်ပေးလျက်ရှိ
- ➢ RCEP သည် တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလျက်ရှိ
- ➢ ရုရှားနှင့် အီရန်တို့သည် ငွေပေးချေမှုစနစ် SWIFT ကို လုံးဝစွန့်လွှတ်လိုက်ကြောင်း အီရန်ဗဟိုဘဏ်က ပြောကြားခဲ့

## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ထွက် အရည်အသွေးမြင့်ကော်ဖီစေ့များသည် ကော်ဖီအမှတ်တံဆိပ်များအတွက် ဆွဲဆောင်မှုရှိလာ

ပြည်တွင်းနှင့် နိုင်ငံတကာမှကော်ဖီအမှတ်တံဆိပ်များသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်မှ အရည်အသွေးမြင့်ကော်ဖီစေ့များကို ပိုမိုနှစ်သက်လာကြသဖြင့် ကိုဗစ်-၁၉ အလွန်ကာလတွင် ကော်ဖီလုပ်ငန်းကို ထပ်မံချဲ့ထွင်ရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံတွင် ကော်ဖီစိုက်ဧရိယာ အကြီးဆုံးဖြစ်ပြီး ၎င်း၏ အမြင့်ပေနှင့် အပူပိုင်းဒေသ ရာသီဥတုသည် အရည်အသွေးမြင့် ကော်ဖီများကို စိုက်ပျိုးရန်အတွက် စံပြဖြစ်လာကြောင်း၊ ယူနန်ပြည်နယ်သည် အာရေဗီကာကော်ဖီစေ့များကို အဓိကထုတ်လုပ်ပြီး စားသုံးသူများ၏ ဝယ်လိုအားကို ဖြည့်ဆည်းရန်နှင့် အရည်အသွေးမြင့်ကော်ဖီစေ့များကို ပိုမိုထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

ပြည်ပမှ ကော်ဖီအမှတ်တံဆိပ်များ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည့်အပြင် Luckin Coffee၊ Seesaw နှင့် M Stand ကဲ့သို့သော ထွန်းသစ်စပြည်တွင်းကော်ဖီဆိုင်များကြားတွင် ယူနန်ကော်ဖီစေ့များကို ကြိုက်နှစ်သက်မှုများလာကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် ယူနန်ပြည်နယ်၏ စုစုပေါင်းကော်ဖီစေ့ထွက်ရှိမှုသည် (၁၁၃,၆၀၀)မက်ထရစ်တန်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ကော်ဖီစိုက်ပျိုးထွက်ရှိသော ဟိုင်နန်ပြည်နယ်ထက် (၈)ဆပိုများသည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် ယူနန်ပြည်နယ်သည် နိုင်ငံနှင့် ဒေသပေါင်း (၄၃)ခုသို့ ကော်ဖီစေ့တန်ချိန် (၈,၇၀၀)တင်ပို့ခဲ့ပြီး စာရင်းအရ ဂျာမနီသို့ အများဆုံးတင်ပို့ခဲ့ပြီး နယ်သာလန်၊ ဗီယက်နမ်၊ ဘယ်လ်ဂျီယံ၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့သို့လည်း တင်ပို့ခဲ့ကြောင်း အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရှိရပါသည်။

ကော်ဖီစေ့များကို ပြည်တွင်း၌သာ ဝယ်ယူခြင်းသည် ပို၍အဆင်ပြေသည့်အတွက် တရုတ်နိုင်ငံ၌ ဆိုင်ဖွင့်လှစ်ထားသည့် နိုင်ငံတကာမှကော်ဖီလုပ်ငန်းများ၏ စုစုပေါင်းကော်ဖီစေ့သုံးစွဲမှုတွင် ယူနန်ပြည်နယ်ထွက် ကော်ဖီစေ့များကို သုံးစွဲမှုအချိုးသည် တိုးတက်လာသည်ဟု ယူနန်ကော်ဖီအသင်းဥက္ကဋ္ဌ Li Xiaobo က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယူနန်ပြည်နယ် Menglian ဒေသရှိ ကော်ဖီစိုက်ပျိုးသူ Jin Tao က ၎င်း၏ ကော်ဖီစိုက်ခင်းကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ပြီး ကော်ဖီမျိုးကွဲအချို့ကို စိုက်ပျိုးခဲ့သဖြင့် ကော်ဖီ

Agribusiness & Trade

ထွက်ရှိမှုပမာဏသည် တစ်ဟက်တာလျှင် ကီလိုဂရမ် (၂၀)မြင့်တက်လာပြီး ကော်ဖီအရည်အသွေး သိသိသာသာ တိုးတက်လာကာ အရည်အသွေးမြင့်ကော်ဖီစေ့များ၏ စံချိန်စံညွှန်းနှင့် ကိုက်ညီကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

၎င်း၏ကော်ဖီစိုက်ခင်းများအပြင် အခြားကော်ဖီစိုက်ပျိုးသူ (၃၄၅)ဦးသည်လည်း ၎င်း၏ လုပ်ငန်းနှင့် ပူးပေါင်းခဲ့ပြီး ကော်ဖီပြုပြင်ထုတ်လုပ်သည့် စက်ရုံကိုလည်း တည်ထောင်ခဲ့ကြောင်းနှင့် ၎င်းအနေဖြင့် တရုတ်နိုင်ငံအနှံ့မှ ကော်ဖီကြိုက်နှစ်သက်သူများကို ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း Tao က ပြောကြားခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် ၎င်းသည် ကော်ဖီပြုပြင်ထုတ်လုပ်သည့်စက်ရုံ၏ နည်းပညာကို အဆင့်မြှင့်တင်ရန်အတွက် ယွမ် (၇.၂)သန်း (အမေရိကန်ဒေါ်လာ ၁.၀၁ သန်း) ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ပြုပြင်မွမ်းမံမှုသည် အလုပ်သမား လိုအပ်ချက်ကို လျှော့ချနိုင်ခဲ့ပြီး အရည်အသွေးမြင့်ကော်ဖီစေ့ကို (၁၅) ရာခိုင်နှုန်းမှ (၈၀)ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ကော်ဖီစေ့ဈေးနှုန်းသည် ပျမ်းမျှဈေးကွက်ပေါက်ဈေးထက် တစ်ကီလိုဂရမ်လျှင် (၂)ယွမ် ပို၍ မြင့်နေသော်လည်း ၎င်း၏ ရေရှည်ဖောက်သည်များဖြစ်သည့် ကမ္ဘာ့အဆင့်အဖျော်ယမကာ ကုမ္ပဏီဖြစ်သည့် Nestle နှင့် ပြည်တွင်းကော်ဖီဆိုင်ခွဲ Manner တို့သည် ဝယ်ယူမှုပမာဏ တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ကော်ဖီစေ့ဝယ်သူ Chen Danqi သည် လွန်ခဲ့သည့် သုံးနှစ်က Menglian တွင် တောင်သူလယ်သမားများအတွက် သမဝါယမတစ်ခုကို တည်ထောင်ခဲ့ပြီး ၎င်း၏ အသိပညာနှင့် အတွေ့အကြုံများကို အသုံးပြုပြီး ဒေသခံတောင်သူလယ်သမားများအား နည်းပညာနှင့် စီမံခန့်ခွဲမှုများ တိုးတက်ကောင်းမွန်အောင် ကူညီပေးခဲ့ကြောင်း သိရှိရပါသည်။

ကော်ဖီစေ့ဝယ်သူတစ်ဦးအနေဖြင့် ၎င်းသည် ပနားမား၊ ကိုလံဘီယာနဲ့ ဂွာတီမာလာနိုင်ငံကဲ့သို့သော ကမ္ဘာ့တစ်ဝန်းရှိ နာမည်ကြီး ကော်ဖီစေ့ထုတ်သည့် ဒေသများသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း၊ ယူနန်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင်သည် အဆိုပါဒေသများနှင့်ဆင်တူသော်လည်း နည်းပညာ၊ စိုက်ပျိုးမှုအတိုင်းအတာနှင့် စားသုံးသူများ၏ အသိအမှတ်ပြုမှုတို့တွင် ယူနန်ကော်ဖီသည် အတော်လေးနောက်ကျကျန်နေသည်ဟု Chen က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Menglian ဒေသအစိုးရ၏ အဆိုအရ အထွက်နှုန်းမြင့်မားသော ကော်ဖီစေ့စိုက်ခင်းများကို တည်ထောင်ထားပြီး စုစုပေါင်းဧရိယာသည် (၃၃၅၀)ဟက်တာကျော်ရှိကြောင်း သိရှိရပါသည်။ Menglian သည် အရည်အသွေးမြင့်ကော်ဖီစေ့အထွက်နှုန်းကို ဆက်လက်မြှင့်တင်ရန်နှင့် ကော်ဖီမျိုးသစ်များ စိုက်ပျိုးရန် ဆက်လက်အာရုံစိုက်သွားမည်ဖြစ်ကြောင်း၊ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုး

Agribusiness & Trade

ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရသာမြည်းစမ်းခြင်း တို့ကို ပေါင်းစပ်ထားသည့် စက်မှုဥယျာဉ်တစ်ခု တည်ဆောက်ရန်လည်း ရည်မှန်းထားကြောင်းနှင့် ၎င်းသည် ဒေသထွက်ကော်ဖီစေ့များ၏ ဂုဏ်သတင်းကို တရုတ်ပြည်တွင်းနှင့် ကမ္ဘာတစ်ဝန်းသို့ မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် နိုင်ငံတကာမှကော်ဖီဝယ်သူများသည် ယူနန်ပြည်နယ်အတွင်းရှိ ကော်ဖီလုပ်ငန်းစုနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားလာကြကြောင်း၊ တီမောလက်စ်တေ ကော်ဖီအသင်းသည် ယူနန်ပြည်နယ်ရှိ Baoshan ကော်ဖီအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အချို့ကို ရရှိခဲ့သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Baoshan ဒေသရှိ ကော်ဖီလုပ်ငန်းစုသည် အလွန်အဆင့်မြင့်ပြီး တီမောလက်စ်တေနိုင်ငံအတွင်း ထုတ်လုပ်သည့် ကော်ဖီစေ့များ၏ အရည်အသွေးကို မြှင့်တင်ရန် လေ့လာသင်ယူမှုများတွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း နိုဝင်ဘာလတွင် Baoshan ၌ ကျင်းပခဲ့သည့် ကော်ဖီလုပ်ငန်းဆိုင်ရာညီလာခံတစ်ခုသို့ တက်ရောက်ခဲ့သည့် တီမောလက်စ်တေကော်ဖီအသင်းဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက်ကော်ဖီအများဆုံးသုံးစွဲသည့်နိုင်ငံ ဖြစ်လာပြီး ၂၀၂၂ ခုနှစ်တွင် စားသုံးမှုပမာဏ တန်ချိန် (၂၈၈,၀၀၀)အထိရှိခဲ့ကြောင်း၊ ကော်ဖီထိပ်တန်းသောက်သုံးသည့် နိုင်ငံများမှာ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန၏ အဆိုအရ သိရှိရပါသည်။

ပထမအဆင့်နှင့် ဒုတိယအဆင့်ရှိ တရုတ်မြို့ကြီးများတွင် ရုံးဝန်ထမ်းများ၏ တစ်ဦးချင်းကော်ဖီသောက်သုံးမှုပမာဏသည် နှစ်စဉ် ခွက် (၃၀၀)ခန့်အထိ ရောက်ရှိလာပြီး အဆိုပါပမာဏသည် တစ်နှစ်လျှင် (၉)ခွက်သာရှိသည့် တရုတ်ပြည်မကြီးရှိ ပျမ်းမျှကော်ဖီသောက်သုံးမှုပမာဏထက် သိသိသာသာမြင့်မားကြောင်း အတိုင်ပင်ခံလုပ်ငန်း Deloitte ၏ သုတေသနအစီရင်ခံစာအရ သိရှိရပါသည်။

ဝယ်လိုအားတိုးလာခြင်းကြောင့် တရုတ်မြို့ငယ်များတွင် ကော်ဖီဆိုင်ခွဲများ ပိုမိုဖွင့်လှစ်လာပြီး တတိယအဆင့်နှင့် စတုတ္ထအဆင့်မြို့များတွင် ကော်ဖီသောက်သုံးမှုပမာဏမှာလည်း မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံရှိ ကော်ဖီလုပ်ငန်းမှ ရောင်းရငွေသည် ၂၀၂၃ ခုနှစ်တွင် ယွမ် (၆၁၇.၈) ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်းနှင့် အတိုင်ပင်ခံလုပ်ငန်း iiMedia Research ၏အဆိုအရ ၂၀၂၅ ခုနှစ်တွင် ရောင်းရငွေသည် ယွမ် (၁)ထရီလီယံကျော် ဖြစ်လာဖွယ်ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသူများသည် အဓိကအားဖြင့် အသက် ၂၅ နှစ်မှ ၃၅ နှစ်ကြားဖြစ်ပြီး ၎င်းတို့သည် ပြည်တွင်းထွက်ကုန်များအပေါ် ယုံကြည်မှုမြင့်မားကြောင်း၊ ယင်းအချက်သည် တရုတ်ပြည်တွင်း ကော်ဖီအမှတ်တံဆိပ်များ၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုအတွက် အရေးပါပြီး ပြည်တွင်းကော်ဖီဈေးကွက်သည် အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း iiMedia Research ၏ သုံးသပ်ချက်ဆိုင်ရာအကြီးအကဲ Zhang Yi က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source:https://www.chinadaily.com.cn/a/202401/01/WS65920ac3a3105f21a5079eb3.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

............................................................................................................

## မလေးရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီး တင်ပို့မှုကို ၂၀၂၄ ခုနှစ်တွင် စတင်မည်ဟု မျှော်မှန်းထား

မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဒုတိယဝန်ကြီး Chan Foong Hin ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသို့ လတ်ဆတ်သော ဒူးရင်းသီးများကို ၂၀၂၄ ခုနှစ်တွင် စတင်တင်ပို့မည်ဟု သိရှိရပါသည်။ ဒူးရင်းသီးတင်ပို့မှုကို တရုတ်နှင့် မလေးရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၅၀)ပြည့် အထိမ်းအမှတ်အဖြစ် မေလ (၃၁)ရက်နေ့တွင် စတင်ရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်အကောက်ခွန်နှင့် မလေးရှားစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနတို့သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် တရုတ်နိုင်ငံသို့ မလေးရှားနိုင်ငံမှ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီး တင်ပို့မှုဆိုင်ရာ သဘောတူညီချက် (၆)ချက်ကို လက်မှတ်ရေးထိုးပြီးနောက် ယခုကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ဘက်မှ ဒူးရင်းသီး၏ ပိုးမွှားအန္တရာယ်အကဲဖြတ်မှုကို အရှိန်မြှင့်တင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး သီးသန့်ခွဲစစ်ဆေးခြင်းလုပ်ငန်းစဉ်များကို မြှင့်တင်ရာတွင် နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရှိရပါသည်။

တရုတ်စားသုံးသူများကို အကောင်းမွန်ဆုံး အရသာရရှိစေရန်အတွက် အပြည့်အဝမှည့်နေသည့် ဒူးရင်းသီးများကိုသာ တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း Chan မှ ပြောကြားခဲ့ပါသည်။ သို့သော်လည်း ထိုအချက်သည် ဒူးရင်းသီးမှည့်များ၏ သက်တမ်းတိုတောင်းမှုကြောင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုအချို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

လက်ရှိတွင် မလေးရှားနိုင်ငံ၊ စိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် လေကြောင်းနှင့် ရေကြောင်းကုန်စည်ပို့ဆောင်ရေးအပါအဝင် သယ်ယူပို့ဆောင်ရေးပုံစံအမျိုးမျိုးကို လေ့လာအကဲဖြတ်လျက်ရှိကြောင်း၊ ခန့်မှန်းချက်များအရ လေကြောင်းဖြင့် ပို့ဆောင်ပါက ဒူးရင်းသီးများကို စိုက်ခင်းမှ ခူးဆွတ်ပြီး (၄၈)နာရီအတွင်း တရုတ်နိုင်ငံသို့ ရောက်ရှိနိုင်ကြောင်း၊ အဆိုပါ(၄၈)နာရီအတောအတွင်း အကောက်ခွန်ရှင်းလင်းခြင်းအပြင် ကွာလာလမ်ပူမှ နန်နင်းသို့ လေးနာရီကြာ လေယာဉ်ပျံသန်းချိန်လည်း ပါဝင်ကြောင်း၊ တရုတ်နိုင်ငံသို့ရောက်ရှိပြီး မကြာမီ အသီးအနံ့များကို တရုတ်စားသုံးသူများထံသို့ ရောက်ရှိစေရန်အတွက် ကြိုတင်ရောင်းချမှု နည်းလမ်းကို ကျင့်သုံးရန် အရေးကြီးကြောင်းလည်း ကျွမ်းကျင်သူများက အလေးပေးဖော်ပြထားသည်ဟု သိရှိရပါသည်။

လက်ရှိတွင် ထုပ်ပိုးမှုစနစ်သည် သစ်သီးများ၏ လတ်ဆတ်မှုကို အနည်းဆုံး (၇)ရက်မှ အများဆုံး (၂၁)ရက်အထိ အာမခံပေးထားပြီး ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်မှုအတွက်လည်း အခွင့်အလမ်းများရှိကြောင်း၊ နှစ်နိုင်ငံအကြား ဒူးရင်းသီးတင်ပို့မှုသဘောတူစာချုပ်ကို အပြီးသတ်ပြီးသည်နှင့် မလေးရှားသစ်သီးဝလံကဏ္ဍသည် လာမည့်ရာသီအတွက် ပြီးပြည့်စုံသော တင်ပို့မှုလုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ရန် စီစဉ်နေကြောင်းလည်း သိရှိရပါသည်။

တရုတ်ဈေးကွက်တွင် လတ်ဆတ်သော ထိုင်းနှင့်ဗီယက်နမ်ဒူးရင်းသီးများ ရောင်းချနေသဖြင့် မလေးရှားနိုင်ငံ၏ Musang King ဒူးရင်းသီးများကို အခြားနေရာမှ အသီးများနှင့် ခွဲခြားနိုင်စေရန် မလေးရှားဒူးရင်းသီးအမှတ်တံဆိပ်ကို ဖန်တီးရန် ကျွမ်းကျင်သူများက အကြံပြုထားကြောင်း သိရှိရပါသည်။ မကြာသေးမီက ထွက်ပေါ်လာသော သတင်းများအရ Musang King ဒူးရင်းသီးများကို ၂၀၁၇ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သော ဗီယက်နမ်နိုင်ငံသည် အသီးအရည်အသွေး ကျဆင်းမှုကြောင့် ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်းနှင့် တစ်ချိန်တည်းတွင် ထိုင်းကုန်သည် အချို့သည် မလေးရှားမှဝယ်ယူထားသော ဒူးရင်းသီးများကို “Thai Musang King” တံဆိပ် အောက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့သည်ဟု ဇွန်လအတွင်းက စွပ်စွဲမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် မလေးရှားနိုင်ငံသည် ဒူးရင်းသီး (၄၅၅,၄၅၈)မက်ထရစ်တန်ကို ထုတ်လုပ်ခဲ့ပြီး (၁၀)ရာခိုင်နှုန်းသည် တရုတ်၊ ဟောင်ကောင်နှင့် စင်္ကာပူသို့ အေးခဲပုံစံဖြင့် တင်ပို့ခဲ့ကြောင်း၊ မလေးရှားနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီးထုတ်ကုန်များကို တင်ပို့ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မေလမှစတင်ကာ အေးခဲထားသော ဒူးရင်းသီးအလုံးများကို တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.producereport.com/article/malaysia-anticipates-start-fresh-durian-exports-china-2024

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

## ဗီယက်နမ်နိုင်ငံမှ ဖရဲသီးများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိ

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China -GACC)မှ သတ်မှတ်ထားသော အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဗီယက်နမ်နိုင်ငံမှ ဖရဲသီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဟု GACC က ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် ၎င်း၏ ဝက်ဘ်ဆိုဒ်မှ ကြေငြာချက် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ပြည်တွင်း၌ ဖရဲသီးအများဆုံးထွက်ရှိသည့်ရာသီသည် ဇွန်လမှ အောက်တိုဘာလအထိဖြစ်ပြီး ဗီယက်နမ် ဖရဲသီးများသည် နိုဝင်ဘာလမှ မေလအထိ ထွက်ရှိသောကြောင့် တရုတ်ဈေးကွက်၌ ဖရဲသီးရာသီကုန်ဆုံးချိန်တွင် ဈေးကွက်လိုအပ်ချက်ကို ဗီယက်နမ် ဖရဲသီးများက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ဗီယက်နမ် ဖရဲသီးများကို နယ်စပ်ကုန်သွယ်မှုဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော်လည်း တရုတ်အာဏာပိုင်များက စည်းမျဉ်းစည်းကမ်းများကို ပိုမိုတင်းကြပ်လာသည့်အတွက် ဈေးကွက်မတည်မငြိမ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ် ပထမ (၁၀)လအတွင်း တရုတ်နိုင်ငံသို့ နယ်စပ်မှ ဗီယက်နမ် ဖရဲသီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၄၄)သန်းရှိခဲ့ကြောင်း၊ ယခုကဲ့သို့ တရားဝင်ဈေးကွက်ဝင်ရောက်ခွင့်ရရှိပါက တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏနှင့် တန်ဖိုးနှစ်ခုစလုံး သိသိသာသာ တိုးတက်လာမည်ဟု မျှော်လင့်ထားကြကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့ရန် ရည်ရွယ်သည့် ဥယျာဉ်ခြံများနှင့် ထုပ်ပိုးသည့် စက်ရုံများသည် ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန(Ministry of Agriculture and Rural Development - MARD)တွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး GACC မှ အတည်ပြုမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားပါသည်။ လက်ရှိတွင် ဗီယက်နမ်မှ ဖရဲသီးစိုက်ပျိုးသည့် ဥယျာဉ်ခြံ (၁၇၉)ခြံကို တင်ပို့ခွင့်ပြုထားကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် ဘက်တီးရီးယားပိုးမွှား(၅)မျိုးဖြစ်သည့် bacterial fruit blotch (Acidovorax avenae subsp. citrulli)၊

Agribusiness & Trade

Bactrocera correcta၊ Bactrocera zonata၊ Bactrocera latifronsနှင့် Phenacoccus၊ solenopsis တို့ကို အဓိကထားစစ်ဆေးကြောင်း သိရှိရပါသည်။

ထို့အပြင် ဥယျာဉ်ခြံများသည် MARD ၏ ကြီးကြပ်မှုအောက်တွင် တိကျသည့် အရည်အသွေး စီမံခန့်ခွဲမှုနှင့် ခြေရာခံနိုင်မှုစနစ်များကို ထားရှိ၍ good agricultural practices (GAP) နည်းစနစ်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းပညာများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးမှုပိုင်းအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မည့် ဖရဲသီးများတွင် ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်း အခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မပါရှိစေရန်အတွက် အမျိုးအစားခွဲခြင်း၊ အရည်အသွေး သတ်မှတ်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို သေချာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် MARD သည် တရုတ်နိုင်ငံသို့ တင်ပို့မည့် ဖရဲသီးများ၏(၂)%ကို ကျပန်းနမူနာယူ၍ ပိုးမွှားအန္တရာယ်ရှိမရှိ စစ်ဆေးရန် လိုအပ်ကြောင်း၊ ပထမနှစ်တွင် ပိုးမွှားပြဿနာများ မရှိပါက နမူနာနှုန်းကို (၁)% သို့ လျှော့ချသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမပြည့်မီသောဖရဲသီးများ တွေ့ရှိပါက တရုတ်နိုင်ငံအနေဖြင့် တင်ပို့မှု တစ်ခုလုံးကို ပယ်ချခြင်း သို့မဟုတ် ပိုးတွေ့ရှိသည့် ဥယျာဉ်ခြံများနှင့် ထုပ်ပိုးသည့် စက်ရုံများမှ တင်ပို့မှုကို ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ဥယျာဉ်ခြံများ သို့မဟုတ် ထုပ်ပိုးသည့်စက်ရုံများမှ တင်ပို့သော ဖရဲသီးများနှင့် တရုတ်နိုင်ငံ၏ အစားအစာဘေးကင်းရေးစံနှုန်းများနှင့် မကိုက်ညီသော ဖရဲသီးများသည်လည်း တင်ပို့မှုတစ်ခုလုံးကို ငြင်းပယ်ခြင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: [https://www.producereport.com/article/fresh-vietnamese-watermelons-granted-china-market-access](https://www.producereport.com/article/fresh-vietnamese-watermelons-granted-china-market-access)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Agribusiness & Trade

........................................................................................................................

## အိန္ဒိယနိုင်ငံ၏ ယခုသီးနှံနှစ်၊ ဆောင်းသီးနှံ (ရာဘီ) စိုက်ပျိုးဧရိယာသည် ယခင်နှစ် စံချိန်နီးနီးသို့ရောက်ရှိလာ

အိန္ဒိယနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိဖြစ်သော လက်ရှိသီးနှံနှစ်အတွင်း ဆောင်းသီးနံ (ရာဘီ) စိုက်ပျိုးဧရိယာမှာ ဟက်တာ ၆၅၄ ဒသမ ၈၉ သိန်းရှိပြီး၊ သာမန်စိုက်ပျိုးဧရိယာ ဟက်တာ ၆၄၈ ဒသမ ၃၃ သိန်းထက် ၁ ရာခိုင်နှုန်း ပိုမိုတိုးမြင့်လာကြောင်း ယခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့အထိ ရရှိသော အချက်အလက်များအရ သိရသည်။ သို့သော် ယခင်နှစ်ကာလ

တူက ဟက်တာ ဖ၆၃ ဒသမ ၀၇ သိန်းနှင့် နှိုင်းယှဉ်လျှင်မူ ၁ ရာခိုင်နှုန်းခန့် လျော့နည်းလျက်ရှိသေးသည်ကို တွေ့ရကြောင်းနှင့် အဆိုပါ ကွာဟချက်မှာ တစ်ဖြည်းဖြည်း ကျဉ်းမြောင်းလာလျက်ရှိသည်ဟု The Hindu Businessline သတင်းဌာနက ဖော်ပြထားသည်။

ဂျုံစိုက်ဧရိယာမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အထိ ယခင်နှစ်ကာလတူကထက် ၅ ရာခိုင်နှုန်းကျဆင်းလျက်ရှိရာမှ ယခုအခါ သိသိသာသာတိုးတက်လာသည်ကို တွေ့ရသည်။ နောက်ဆုံးရရှိသော အချက်အလက်များအရ ဂျုံစိုက်ဧရိယာ ဟက်တာ ၃၃၁ ဒသမ ၇ သိန်းရှိပြီး၊ ယခင်နှစ်ကာလတူက ဟက်တာ ၃၃၁ ဒသမ ၈၉ သိန်းရှိသည့်အတွက် (၁၉၀၀၀) ဟက်တာခန့်သာ ကွာဟချက်ရှိသည်။ သို့သော် Uttar Pradesh နှင့် Bihar ပြည်နယ်တို့တွင်သာ ဂျုံစိုက်ဧရိယာ ပိုမိုများပြားကြောင်း သိရသည်။

**အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံ (ရာဘီ) စိုက်ပျိုးဧရိယာ နှိုင်းယှဉ်အခြေပြဇယား**

| သီးနှံ | ၂၀၂၃-၂၄ (ဟက်တာ သိန်းပေါင်း) | ၂၀၂၂-၂၃ (ဟက်တာ သိန်းပေါင်း) | % တိုး/လျော့* |
|---|---|---|---|
| ဂျုံ (Wheat) | 331.7 | 331.89 | –0.1 |
| စပါး (Paddy) | 17.98 | 20.02 | –10.2 |
| ပဲမျိုးစုံ (Pulses) | 148.18 | 156.15 | –5.1 |
| (နှံစားသီးနှံ) Coarse Cereals | 49.82 | 48.31 | 3.1 |
| (ပြောင်း) Maize | 18.99 | 18.76 | 1.2 |
| ဆီထွက်သီးနှံ (Oilseeds) | 107.21 | 106.71 | 0.5 |
| သီးနှံစုစုပေါင်း | 654.89 | 663.07 | –1.2 |

*၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့အထိ

ဇစ်မြစ်။ The Hindu Businessline

Agribusiness & Trade

ယခုနှစ် ဆောင်းရာသီစိုက် ပဲမျိုးစုံဧရိယာသည် ဟက်တာ ၁၄၈ ဒသမ ၁၈ သိန်းရှိပြီး၊ ယခင်နှစ်က ဟက်တာ ၁၅၆ ဒသမ ၁၅ သိန်းရှိခဲ့သည့်အတွက် ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အကြောင်းမှာ ကုလားပဲ (chana) စိုက်ဧရိယာ ကျဆင်းခဲ့သည့်အတွက်ဖြစ်သည်ဟုဆိုသည်။ အဓိကပဲမျိုးဖြစ်သည့် ကုလားပဲစိုက်ပျိုးဧရိယာမှာ ယခုနှစ်တွင် ဟက်တာ ၁၀၀ ဒသမ ၁၂ သိန်းရှိပြီး၊ ယခင်နှစ်က ဟက်တာ ၁၀၇ ဒသမ ၆၅ သိန်းရှိခဲ့သည့်အတွက် ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သို့သော် ပဲနီလေးစိုက်ဧရိယာမှာ ယခင်နှစ်က ဟက်တာ ၁၈ ဒသမ ၂ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁၉ ဒသမ ၀၉ သိန်းသို့ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

နှံစားသီးနှံစိုက်ပျိုးဧရိယာမှာ ဟက်တာ ၄၉ ဒသမ ၈၂ သိန်းရှိပြီး၊ လွန်ခဲ့နှစ်က ဟက်တာ ၄၈ ဒသမ ၃၁ သိန်းသာရှိခဲ့သည့်အတွက် ၃ ရာခိုင်နှုန်းတိုးတက်လာသည်။ လူး/ဆတ် (Jowar) စိုက်ပျိုးဧရိယာမှာ ဟက်တာ ၂၂ သိန်းရှိပြီး၊ လွန်ခဲ့သောနှစ်က ၂၁ ဒသမ ၅၂ သိန်းရှိသည့်အတွက် ၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ပြောင်းမှာ ယခုနှစ်တွင် ဟက်တာ ၁၈ ဒသမ ၉၉ သိန်းရှိပြီး၊ ယခင် နှစ်က ၁၈ ဒသမ ၇၆ သိန်းရှိခဲ့သည့်အတွက် ၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးမြင့်လာခဲ့သည်။ ဘာလီစိုက်ဧရိယာမှာ ယခုနှစ်တွင် ဟက်တာ ၈ ဒသမ ၀၉ သိန်းရှိပြီး၊ ယခင်နှစ်က ၇ ဒသမ ၄ သိန်းသာရှိသည့်အတွက် တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် မုံညင်းစိုက်ပျိုးဧရိယာ သိသိသာသာတိုးမြင့်လာခဲ့သည့်အတွက် ဆီထွက်သီးနှံစုစုပေါင်း၏ စိုက်ပျိုးဧရိယာများစွာကျဆင်းသွားခြင်းမျိုးမရှိအောင်ထိန်းထားနိုင်ခဲ့သည်။ ယခုနှစ်မုံညင်းစိုက်ဧရိယာမှာ ပုံမှန်စိုက်ပျိုးဧရိယာ ဟက်တာ ၇၃ ဒသမ ၀၆ သိန်းထက်ကျော်လွန်ပြီး၊ ၉၈ ဒသမ ၈၆ သိန်းရှိသည့်အတွက် ယခင်နှစ်ကာလတူက ၉၆ ဒသမ ၇၁ သိန်းနှင့် နှိုင်းယှဉ်လျှင် ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရသည်။ ယခုနှစ်တွင် ဆောင်းရာသီ ဆီထွက်သီးနှံ စိုက်ဧရိယာစုစုပေါင်းသည် ဟက်တာ ၁၀၇ ဒသမ ၂၁ သိန်းရှိပြီး၊ ယခင်နှစ်က ၁၀၆ ဒသမ ၇၁ သိန်းသာရှိခဲ့သည့်အတွက် မြင့်တက်လာကြောင်းနှင့် ၎င်းတို့အနက် မြေပဲစိုက်ဧရိယာမှာ ယခင်နှစ်က ဟက်တာ ၄ ဒသမ ၆၂ သိန်းမှ ယခုနှစ် ၃ ဒသမ ၇၃ သိန်းသာရှိသည့်အတွက် ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟုဆိုသည်။

မြေပဲသည် မိုး (ခါရစ်) သီးနှံတစ်မျိုး ဖြစ်သော်လည်း ၎င်းကို Karnataka၊ Tamil Nadu၊ Telangana၊ Andhra Pradesh နှင့် Odisha ပြည်နယ်တို့တွင် ဆောင်းရာသီ၌ ၇ ဟက်တာခန့် စိုက်ပျိုးကြကြောင်း သိရသည်။ စပါးစိုက်ဧရိယာမှာ ယခင်နှစ်ကာလတူက ဟက်တာ ၂၀ ဒသမ ၀၂ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁၇ ဒသမ ၉၈ သိန်းအထိ စိုက်ပျိုးထားပြီးဖြစ်ကာ Tamil Nadu ပြည်နယ်တွင် ဟက်တာ ၁၁ ဒသမ ၁၂ သိန်းဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံ (ရာဘီ) စိုက်ပျိုးရေးယာကိုကြည့်လျှင် ဂျုံ၊ စပါး၊ ပဲမျိုးစုံ စိုက်ဧရိယာများမှာ ယခင်နှစ် ကာလတူကထက်ကျဆင်းခဲ့ပြီး၊ ပဲမျိုးစုံအနက် အထူးသဖြင့် ကုလားပဲစိုက်ဧရိယာ သိသိသာသာကျဆင်းခဲ့ကြောင်းတွေ့ရှိရသည်။ သို့သော်တစ်ဖက်တွင် ဆီထွက်သီးနှံ၊ နှံစားသီးနှံနှင့် ပြောင်းစိုက်ဧရိယာတိုးမြင့်ခဲ့ကာ၊ ဆီထွက်သီးနှံများအနက် မုံညင်းစိုက်ဧက သိသိသာသာတိုးတက်များပြားခဲ့ကြောင်း တွေ့ရှိရသည်။ သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံ (ရာဘီ) စိုက်ပျိုးဧရိယာများ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် တိုး/လျော့လျက်ရှိသည့်အပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်။** The Hindu Businessline သတင်းဌာန၊ “Rabi sowing exceeds normal acreage, wheat area near last year’s level”၊

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

................................................................................................................................

## အောက်တိုဘာလမှ ဒီဇင်ဘာအတွင်း အိန္ဒိယနိုင်ငံ၏ သကြားထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက 7.6 ရာခိုင်နှုန်း ကျဆင်း

အိန္ဒိယ သကြားစက်များသည် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ကြားတွင် သကြားမက်ထရစ်တန် ၁၁.၂၁ သန်း ထုတ်လုပ်ခဲ့ပြီး အဓိကထုတ်လုပ်သည့် ပြည်နယ်များဖြစ်သည့် မဟာရက်ရှ်ထရာနှင့် ကာနာတကာပြည်နယ်တို့တွင် ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ယခင်နှစ်ထက် ၇.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု အမျိုးသားသမဝါယမသကြားစက်ရုံများ အသင်းချုပ်လီမိတက် (National Federation of Cooperative Sugar Factories Limited – NFCSF) က အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

မဟာရက်ရှ်ထရာပြည်နယ်၏ သကြားထုတ်လုပ်မှုသည်ယခင်နှစ်တွင်တန်ချိန် ၄.၇၄ သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် ၃.၈၂ သန်းသို့ ကျဆင်းသွားခဲ့ပြီး ကာနာတကာပြည်နယ်၏ ထုတ်လုပ်မှုသည်လည်း တန်ချိန် ၂.၄ သန်းသို့ ၁၀.၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အမျိုးသားသမဝါယမသကြားစက်ရုံများအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင်မူ သကြားထုတ်လုပ်မှုသည် တန်ချိန် ၃.၅ သန်းထိ ၁၂.၅ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ်အတွင်း သကြားအထွက်နှုန်းသည် မိုးရွာသွန်းမှုလျော့နည်းမှုကြောင့် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်းစားသုံးသူလိုအပ်ချက်ထက် လျော့နည်းသွား

ကြောင်း၊ ကုန်သည်များနှင့် တောင်သူများ၏ စစ်တမ်းအရ ကြံစိုက်ပျိုးမှုနည်းပါးခြင်းကြောင့် ကမ္ဘာ့နံပါတ် (၂) သကြားစိုက်ပျိုး ထုတ်လုပ်သူမှလာမည့်နှစ်တွင် ပြည်ပမှပင်တင်သွင်းရသည် အထိရှိလာနိုင်ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရသည် ၎င်းတို့၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် ဇီဝလောင်စာအစီအစဉ်အရ သကြားစက်များကို အီသနောထုတ်လုပ်မှုအတွက် တန်ချိန် ၁.၇ သန်းအထိ ပြောင်းလဲအသုံးပြုရန်လည်း ဆုံးဖြတ်ထားကြောင်း သိရသည်။ ထို့အပြင် ဝန်ကြီးချုပ် နာရင်ဒြာမိုဒီ ဦးဆောင်သည့် အစိုးရသည် လာမည့်နှစ်တွင် ရွေးကောက်ပွဲများရှိသဖြင့် အလွန်အမင်း အကဲဆတ်သည့် စားနပ်ရိက္ခာဈေးနှုန်းဖောင်းပွမှုအပေါ် ထိန်းချုပ်နိုင်ရန်အတွက် 2016 ခုနှစ်နောက်ပိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် သကြားတင်ပို့မှုကို တားမြစ်ဖွယ်ရှိသည်ဟုလည်း သုံးသပ်ချက်များ ထွက်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် သကြားအထွက်နှုန်း ကျဆင်းသည့်အပြင် ဇီဝလောင်စာဆီတစ်မျိုးဖြစ်သည့် အီသနောထုတ်လုပ်မှုအတွက်အသုံးပြုရန် အစိုးရက ပိုမိုဦးစားပေးလာသဖြင့် ပြည်ပသို့ သကြားတင်ပို့မှုကို တားမြစ်ဖွယ်ရှိသည်ဟု သုံးသပ်ချက်များ ထွက်ပေါ်နေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် မိမိနိုင်ငံ၏ သကြားထုတ်လုပ်မှုဈေးကွက်အတွက် မျက်ခြေမပြတ်စောင့် ကြည့်လေ့လာဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: India’s Oct–Dec sugar output drops 7.6% y/y: Industry Body, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.......................................................................................

## ရုရှားနိုင်ငံ၊ အရှေ့ဖျားဒေသမှ ရေထွက်ကုန်များတင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် ၇၂ ရာခိုင်နှုန်း တိုးတက်ခဲ့

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၊ အရှေ့ဖျားဒေသ Primorsky နှင့် Sakhalin ခရိုင်တို့မှ ရေထွက်ကုန်များ တင်ပို့မှုပမာဏသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်နိုင်ငံသို့ ရေထွက်ကုန်များတင်ပို့မှုမှာ ၃ ဆ တိုးလာခဲ့ကြောင်း Primorsky ခရိုင်၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှု ဌာန(Rosselkhoznadzor)မှ အကြီးအကဲက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် မွေးမြူရေးထုတ်ကုန်များ တင်ပို့ရာ၌ တန်ချိန် ၁.၉၃ သန်းခန့် တိုးလာခဲ့ပြီး အဓိကတင်ပို့ခဲ့သည့် ထွက်ကုန်မှာ ရေထွက်ကုန်များဖြစ်ကာ တန်ချိန်အားဖြင့် ၁.၉၂ သန်းခန့် ရှိကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံသည် ရေထွက်ကုန်များကို ၂၀၂၃ ခုနှစ်တွင် နိုင်ငံပေါင်း ၂၀ သို့ တင်ပို့ခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သောနိုင်ငံများမှာ တရုတ် ( တန်ချိန် ၁၃၀,၅၀၀ ဖြင့် ၆၈ ရာခိုင်နှုန်း)၊ ကိုရီးယား(တန်ချိန် ၅၅,၇၀၀ ဖြင့် ၂၉ ရာခိုင်နှုန်း)နှင့် ဂျပန် (တန်ချိန် ၂၆၀၀ ဖြင့် ၁.၄ ရာခိုင်နှုန်း) ဖြစ်ပါသည်။

နှိုင်းယှဉ်ချက်အရ အသားထွက်ကုန်များ တင်ပို့မှုမှာလည်း အားကောင်းလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၇၄၄.၈ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၅၄ တန်သာ တင်ပို့နိုင်ခဲ့၍ ၁၄ ဆခန့် ပိုမိုတိုးတက်လာခဲ့သည်။ အဓိကတင်ပို့သည့် ကုမ္ပဏီမှာ "Rusasgro-Primorye" ကုမ္ပဏီဖြစ်ပြီး တင်ပို့ခဲ့သည့်အဓိကအသားထွက်ကုန်မှာ ဝက်သားဖြစ်ကာ ဗီယက်နမ်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

Source : https://tass.ru/ekonomika/19689935

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

..........................................................................................................

## တူကီယဲနိုင်ငံသည် ရုရှားနိုင်ငံသို့ ဒုတိယအကြိမ် ကြက်ဥများ တင်ပို့ခဲ့

တူကီယဲနိုင်ငံမှ တင်ပို့ခဲ့သည့် ကြက်ဥဒုတိယအသုတ်သည် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး Yarag-Kazmalyar စစ်ဆေးရေးဂိတ်မှတစ်ဆင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန(Rosselkhoznadzor)က သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

တူကီယဲသည် လိုအပ်သောပမာဏအတိုင်း ရုရှားသို့ ကြက်ဥများ ထောက်ပံ့ပေးရန် အဆင်သင့်ရှိကြောင်း၊ ကြက်ဥပထမအသုတ် ပမာဏတန်ချိန် ၁၉.၃၆ (၃၁၆,၈၀၀ လုံး)သည် ဇန်နဝါရီလ ၃ ရက်နေ့တွင် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဒုတိယအသုတ် ပမာဏတန်ချိန် ၁၉.၃၆ (၃၁၆,၈၀၀ လုံး)သည်လည်း ရောက်ရှိနေပြီဖြစ်ကြောင်း တူကီယဲ ကြက်ဥ ထုတ်လုပ်သူများသမဂ္ဂ အကြီးအကဲ Mr. Ibrahim Afyon က ပြောကြားခဲ့သည်။

Agribusiness & Trade

ရုရှား Rosselkhoznadzor ဌာနသည် တူကီယဲနိုင်ငံ၏ ကုမ္ပဏီ ၂၁ ခုကို ရုရှားသို့ ကြက်ဥများ တင်ပို့ရန် ခွင့်ပြုချက်ပေးထားပြီးဖြစ်ပါသည်။ ထို့အတူ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်မှ ၂၄ ရက် အထိ အဇာဘိုင်ဂျန်နိုင်ငံမှ ကြက်ဥနှစ်သုတ် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံရှိ ကြက်ဥဈေးနှုန်းသည် တစ်ဆခွဲခန့် မြင့်တက်လာခဲ့သည်။ ရုရှား သမ္မတ ဗလာဒီမာပူတင်က ၎င်း၏သတင်းစာရှင်းလင်းပွဲတွင် ကြက်ဥထုတ်လုပ်မှုသည် တိုးတက်လာ ခြင်းမရှိဘဲ ဝယ်လိုအား တိုးလာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အလားတူ သွင်းကုန်ကိုလည်း အချိန်မီဖွင့်ပေးခဲ့ခြင်းမရှိသဖြင့် ကြက်ဥဈေးမြင့်တက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ် ကြောင်း ပြောကြားခဲ့သည်။

ရုရှားအစိုးရအဖွဲ့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ကြက်ဥ ၁.၂ ဘီလီယံအထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုခဲ့သည်။ ရုရှားစိုက်ပျိုးရေးဝန်ကြီး Mr. Dmitry Patrushev က ပြည်တွင်းထုတ်လုပ်မှုနှင့် မိတ်ဖက်နိုင်ငံများမှ သွင်းကုန်များ တိုးလာခြင်းကြောင့် ရုရှားပြည်တွင်းဈေးကွက်တွင် ကြက်ဥလိုအပ်ချက်အား မကြာမီတွင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ ဈေးနှုန်းများ တည်ငြိမ်သွားမည်ဟု မျှော်လင့်ကြောင်း သုံးသပ်ထားပါသည်။

Source : https://ria.ru/20240109/yaytsa-1920269355.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကိုမြို့

## အိန္ဒိယနိုင်ငံ၏ ရုရှားနိုင်ငံမှ ရေနံစိမ်းတင်သွင်းမှုသည် ငွေပေးချေမှုဆိုင်ရာ အခက်အခဲများ ကြောင့် ဒီဇင်ဘာလတွင် ကျဆင်း

အိန္ဒိယနိုင်ငံသို့ ရေနံစိမ်းအများဆုံးရောင်းချပေးနေသည့် ရုရှားမှ ရေနံစိမ်းတင်သွင်းမှုသည် စီးပွားရေးဆိုင်ရာပိတ်ဆို့အရေးယူမှုများ တင်းကျပ်နေချိန်တွင် ငွေပေးချေမှု ပြဿနာများကြောင့် ၂၀၂၃ ဇန်နဝါရီနောက်ပိုင်း ယခုဒီဇင်ဘာလတွင်အနိမ့်ဆုံးသို့ ကျဆင်းသွားကြောင်း သတင်းအချက် အလက်သုတေသနကုမ္ပဏီ တစ်ခုဖြစ်သည့် Kpler ၏ အချက်အလက်များအရ သိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၏ ရုရှားနိုင်ငံထံမှ ရေနံတင်သွင်းမှုမှာ ပြီးခဲ့သည့်မေလတွင် တစ်ရက်လျှင် စည်ပေါင်း 2.15 သန်း စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် အကျဘက်တွင်ရှိနေခဲ့ပြီး ပြီးခဲ့သည့် နိုဝင် ဘာလနှင့် ဒီဇင်ဘာလအတွင်း တစ်ရက်လျှင် စည်ပေါင်း 1.48 သန်းအထိ သိသိသာသာကျဆင်းခဲ့ ကြောင်း Kpler ၏ အချက်အလက်များအရ သိရသည်။

2023 ခုနှစ်တွင် ရုရှား၏ Sokol ရေနံစိမ်းအား တစ်နေ့လျှင် ပျမ်းမျှ စည်ပေါင်း 140,000 ခန့် ဝယ်ယူခဲ့သော အိန္ဒိယနိုင်ငံ၏ ရေနံသန့်စင်သော လုပ်ငန်းရှင်များသည် ပြီးခဲ့သည့်လတွင် ယင်း ရေနံ တင်သင်္ဘောများကို လက်ခံရရှိခဲ့ခြင်းမရှိခဲ့ကြောင်း၊ ထို့အတူ ရုရှားနိုင်ငံအရှေ့ဖျားဒေသတွင် ရေနံ စိမ်းထုတ်လုပ်သည့် Sakhalin-1 LLC သည် ဝယ်ယူသူများနှင့် သဘောတူထားသည့် အတိုင်း dirham ငွေကြေးဖြင့် ပေးချေနိုင်စေရန် အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ဘဏ်အကောင့်ဖွင့် နိုင်ခြင်း မရှိသေးကြောင်း Kpler ၏ ရေနံ နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ Viktor Katona က တနင်္ဂနွေ နေ့၌ ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက အိန္ဒိယကမ်းရိုးတန်းတစ်ဝိုက်တွင် ရပ်နားထားခဲ့သည့် ရေနံတင်သင်္ဘော ခြောက်စီးအနက် နှစ်စင်းသည် တရုတ်နိုင်ငံသို့ လမ်းကြောင်းပြောင်းသွားနိုင်ကြောင်းပြောကြား ထားသည်။ ထိုသို့ ကုန်သွယ်မှုလမ်းကြောင်းတွင် အခက်အခဲများရှိနေသော်လည်း ရုရှားနှင့် အိန္ဒိယ အကြား Sokol ရေနံစိမ်း ကုန်သွယ်မှုသည် ဆက်လက်တည်ရှိနေမည့် အနေအထားတွင်ရှိကြောင်း၊ Sokol ကုန်တင်သင်္ဘောသုံးစင်းနှင့် NS Antarctic၊ Jaguar၊ Vostochny Prospect ကဲ့သို့သော အခြားသော ကုန်တင်သင်္ဘောများသည် ယခုအခါ အိန္ဒိယကို ၎င်းတို့၏ နောက်ဆုံးဦး တည်ရာအဖြစ် ညွှန်ပြနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

2023 ခုနှစ် တစ်နှစ်လုံးတွင် အိန္ဒိယ၏ ရုရှားထံမှ ရေနံတင်သွင်းမှုသည် တစ်ရက်လျှင် ပျမ်းမျှ စည်ပေါင်း 1.79 သန်းအထိ နှစ်ဆကျော် တိုးတက်လာပြီး ဒုတိယအများဆုံး တင်သွင်းသည့် အီရတ် နိုင်ငံမှ တင်သွင်းမှုသည် တစ်နေ့လျှင် ရေနံစည်ပေါင်း 908,000 သို့ 11% ကျဆင်းသွားခဲ့ ကြောင်း Kpler ၏ အချက်အလက်များအရ သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရရှိသ ဖြင့် တင်သွင်းမှုမှာ ၂ ဆခန့်တိုးမြှင့်တင်သွင်းလျှက်ရှိသော်လည်း ရုရှားနိုင်ငံအပေါ် အနောက်နိုင်ငံ များမှ စီးပွားရေးပိတ်ပင်မှုများကြောင့် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များတွင် အခက်အခဲများ ကြုံတွေ့ နေရမှုအခြေအနေအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source: Crude oil imports from Russia pluge in December on payment issues, Business Standard News

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

……………………………………………………………………………………

## 2024 ခုနှစ် အောက်လွှတ်တော် (Lok Sabha) ရွေးကောက်ပွဲအပြီးတွင် အိန္ဒိယနှင့် ဩစတြေးလျတို့သည် ကုန်သွယ်မှုဆိုင်ရာ အလုံးစုံသဘောတူညီချက်ကို

ဩစတြေးလျနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးဈေးကွက်သို့ ဝင်ရောက်ရန် ကြိုးပမ်းနေသော်လည်း လာမည့်နှစ် အထွေထွေရွေးကောက်ပွဲများပြီးမှသာ ပြီးပြည့်စုံသော ကုန်သွယ်မှု သဘောတူညီချက်ကို အိန္ဒိယကလက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်းနှင့် ဗြိတိန်နှင့် အီးယူနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများကလည်း အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု အကြီးတန်းအစိုးရအရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလမှ နိုဝင်ဘာအတွင်း အိန္ဒိယနိုင်ငံမှ ဩစတြေးလျသို့ ကုန်စည်တင်ပို့မှုသည် ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သွင်းကုန်မှာ အလားတူကာလတွင် ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အစိုးရက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယ–ဩစတြေးလျ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှု သဘောတူညီချက် (The India–Australia Economic Cooperation and Trade Agreement – ECTA) သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်တွင် စတင်အသက်ဝင်ခဲ့ပြီး နှစ်နိုင်ငံကြားဖြတ်ကုန်သွယ်ရေး သဘောတူညီချက်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် အိန္ဒိယသည် ထောပတ်သီး၊ အချို့သောပဲအမျိုးအစားများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကညွတ်၊ ချယ်ရီသီး စသည့် လယ်ယာထွက်ကုန်ပစ္စည်းများအပေါ်တွင် အခွန်များကို ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် ဩစတြေးလျသည် အိန္ဒိယစိုက်ပျိုးရေးဈေးကွက်သို့ ပိုမိုဝင်ရောက်ရန် ကြိုးပမ်းနေကြောင်း၊ အထူးသဖြင့် ဝိုင်တင်ပို့နိုင်ရေးအတွက် ပိုမိုနက်ရှိုင်းစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အိန္ဒိယသည် ဩစတြေးလျနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှုလိုငွေသည် ယခုဘဏ္ဍာနှစ်၏ ပထမရှစ်လ ဧပြီလမှ နိုဝင်ဘာလအတွင်းတွင် ဒေါ်လာ ၅.၂၇ ဘီလီယံ သာရှိခဲ့ပြီး ၂၀၂၂ ခုနှစ် အလားတူကာလအတွင်း ဒေါ်လာ ၈ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၃၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

ဩစတြေးလျအနေဖြင့် အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်များလက်မှတ်ရေးထိုး၍ ၎င်းတို့၏ ပို့ကုန်ပစ္စည်းများအပေါ်တွင် အခွန်ကောက်ခံမှုလျှော့ချရေး ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ယခုချုပ်ဆိုထားသော ကုန်သွယ်မှုသဘောတူညီချက်များအရ ဩစတြေးလျနိုင်ငံ၏ ထောပတ်သီးတင်ပို့မှုအပေါ်တွင် အိန္ဒိယနိုင်ငံ၏ အခွန်နှုန်းထားမှာ တစ်နှစ်ပြီးတစ်နှစ်

Agribusiness & Trade

လျော့ချလာပြီးနောက် ၂၀၁၈ နောက်ပိုင်းတွင် သုည ရာခိုင်နှုန်းသို့ ရောက်ရှိသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း အိန္ဒိယလယ်ယာထွက်ကုန် ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရာတွင် အာဆီယံ-အိန္ဒိယ လွတ်လပ်သော သဘောတူညီချက်အောက်မှ အကောက်ခွန်လျော့ပေါ့မှုများကိုရယူ၍ တင်ပို့နိုင်သော်လည်း ရေရှည်တွင် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ၏ တင်ပို့နိုင်မှုအလားအလာများအပေါ် အခြေခံ၍ နှစ်နိုင်ငံ သဘောတူညီချက်များချုပ်ဆို ဆောင်ရွက်ထားသင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source : India, Australia may ink full trade deal after Lok Sabha election, The Economic Times

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

.........................................................................................................................

## တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့်ဖွံ့ဖြိုးတိုးတက်ရေးဇုန်များသည် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တည်ငြိမ်စေရန်အတွက် အရေးကြီးသော စကြံများဖြစ်လာ

တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့် စီးပွားရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်များသည် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တည်ငြိမ်ရေးတို့တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာန၏ တရားဝင်အချက်အလက်များအရ ဖွံ့ဖြိုးတိုးတက်ရေးဇုန် (၂၃၀)ခုတွင် နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၁၀.၃)ထရီလီယံ (အမေရိကန်ဒေါ်လာ ၁.၄၅ ထရီလီယံခန့်)ရှိပြီး တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း၏ (၂၅)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဇုန်များရှိ နည်းပညာမြင့်ထုတ်ကုန်များ ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၃)ထရီလီယံအထိရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံရှိ နည်းပညာမြင့်ထုတ်ကုန်များ စုစုပေါင်းကုန်သွယ်မှု၏ (၂၇)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေးဇုန်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ (၄၃.၂)ဘီလီယံဝန်းကျင်ရှိပြီး နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ (၂၃) ရာခိုင်နှုန်းအထိရှိကြောင်း အချက်အလက်များအရ သိရှိရပါသည်။

ပြည်နယ်အဆင့် သုတေသနအဖွဲ့အစည်းအရေအတွက်သည် ၂၀၂၂ နှစ်ကုန်တွင် (၁၂၀၀) အထိ တိုးတက်လာခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးဇုန်များသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆန်း

သစ်တီထွင်မှုစွမ်းရည်များကို ပိုမိုအားကောင်းလာစေသည်ဟု ဆန်းစစ်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

တရားဝင်အချက်အလက်များအရ အဆိုပါဇုန်များ၏ စုစုပေါင်း GDP သည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၁၄)ထရီလီယံအထိ ရောက်ရှိလာပြီး တရုတ်နိုင်ငံ၏ စုစုပေါင်း GDP တွင် (၁၂)ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20240101/a6b53136a9864b37bf76553de4e000e8/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

.............................................................................................................

## လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုနှင့် မိတ်ဖက်များ၏ စီးပွားရေးကို လှုံ့ဆော်ပေးလျက်ရှိ

တရုတ်နိုင်ငံသည် နိုင်ငံအများအပြားနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreement-FTA)များ ပိုမိုဆောင်ရွက်လာခြင်းသည် တစ်ကမ္ဘာလုံး၌ ၎င်းတို့ထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် တရုတ်ကုမ္ပဏီများ အနေဖြင့် ပြည်ပဈေးကွက်များသို့ ဝင်ရောက်ရာတွင် လွယ်ကူစေလိမ့်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံ၏ (၂၁)ခုမြောက် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ဖြစ်သည့် China-Nicaragua FTA သည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက်ဝင်ခဲ့ပြီး နိုင်ငံစုံနှင့် နှစ်နိုင်ငံ FTA များသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုကို မြှင့်တင်ရန် အစွမ်းထက်သည့် ကိရိယာများဖြစ်ကြောင်း၊ FTAs များသည် ဈေးကွက်သစ်များဖွင့်ရန်၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့စေရန်၊ စီးပွားရေးကွဲပြားမှုကို အားကောင်းလာစေရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေးစံနှုန်းအသစ်များနှင့် လိုက်လျောညီထွေဖြစ်စေရန် ကူညီပေးနိုင်သည်ဟု ၎င်းတို့က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥပမာအားဖြင့် China-Nicaragua FTA သည် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ နယ်စပ် ဖြတ်ကျော်ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို Negative List မှတစ်ဆင့် ပထမဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဆိုပါစာရင်းသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ကန့်သတ်ထားသည့် လုပ်ငန်းကဏ္ဍများကို သတ်မှတ်ထားခြင်းဖြစ်ပြီး တရုတ်ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ ပြည်ပမှစီးပွားရေးလုပ်ငန်းများသည် အဆိုပါ Negative List တွင် မပါဝင်သော မည်သည့်ကဏ္ဍတွင်မဆို လုပ်ကိုင်နိုင်ကြောင်း သိရှိရပါသည်။

တရုတ်နှင့် စင်ကာပူတို့သည် မကြာသေးမီနှစ်များအတွင်း ၎င်းတို့၏ FTA ကို အဆင့်မြှင့်တင်မှုတွင် သိသိသာသာ တိုးတက်မှုရရှိခဲ့သောကြောင့် အဆင့်မြှင့်ထားသော China–Singapore FTA သည် တရုတ်နှင့် အခြားနိုင်ငံများကြား Negative List approach ကို အပြည့်အဝကျင့်သုံးမည့် ဒုတိယမြောက်သဘောတူညီချက် ဖြစ်လာနိုင်သည်ဟု ပေကျင်းမြို့ရှိ နိုင်ငံတကာစီးပွားရေးတက္ကသိုလ်မှ နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ ပါမောက္ခ Cui Fan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခု FTA အရ တရုတ်နှင့် နီကါရာဂွာနိုင်ငံတို့အကြား ကုန်သွယ်မှုတွင် ကုန်ပစ္စည်း (၆၀) ရာခိုင်နှုန်းခန့်သည် အကောက်ခွန်ကင်းလွတ်ခွင့်ရပြီး (၉၅)ရာခိုင်နှုန်းကျော်အပေါ် စည်းကြပ်ခွန်များကို သုညရာခိုင်နှုန်းသို့ တဖြည်းဖြည်း လျှော့ချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

China–Nicaragua FTA အရ နီကါရာဂွာနိုင်ငံသည် တာယာတင်သွင်းမှုအတွက် အကောက်ခွန်နှုန်းထားကို (၁၀)%မှ (၉)% သို့ လျှော့ချခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် နီကါရာဂွာနိုင်ငံသို့ ယွမ်(၄)သန်း (အမေရိကန်ဒေါ်လာ ၅၆၀,၆၃၂)တန်ဖိုးရှိသော ရောင်းအားကို အခြေခံ၍ ယခုနှစ်တွင် အခွန်ငွေ ယွမ်(၄၀,၀၀၀)ခန့် သက်သာနိုင်မည်ဟု ရှန်တုန်းပြည်နယ်အခြေစိုက် တာယာထုတ်လုပ်သူ Linyi၊ Shandong Cachland Tyres Co Ltd ၏ ဒါရိုက်တာ Guo Fangkun က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နှင့် နီကါရာဂွာတို့အကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်၊ ပထမ (၁၁)လတွင် ယွမ် (၈၈.၆၂)ဘီလီယံအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁၁)% မြင့်တက်လာခဲ့ကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရှိရပါသည်။

China–Nicaragua FTA သည် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ကဲ့သို့သော ကြီးမားသည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များနှင့် နှိုင်းယှဉ်နိုင်ခြင်းမရှိသော်လည်း နိုင်ငံငယ်များနှင့်ချုပ်ဆိုသည့် FTA များ၏ အရေးပါမှုကို လျှော့တွက်၍ မရနိုင်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကောက်ခွန်ဌာန ဒါရိုက်တာ Wu Hongmei က ပြောကြားခဲ့ကြောင်း၊ ယခုနှစ်အတွင်း တရုတ်နိုင်ငံသည် ဆားဘီးယားနှင့် အီကွေဒေါတို့နှင့် နှစ်နိုင်ငံ FTAs များအတွက် ၎င်းတို့၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို အပြီးသတ်လုပ်ဆောင်ပြီးပါက အဆိုပါနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ တိုးလာမည်ဟု သူမက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် တရုတ်နိုင်ငံသည် ဆားဘီးယားနှင့် အီကွေဒေါနိုင်ငံတို့နှင့် FTA များကို ၂၀၂၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ FTA

AgriBusiness & Trade

များ အသက်ဝင်လာသည်နှင့် တရုတ်နှင့် အီကွေဒေါတို့အကြား ကုန်သွယ်မှုပြုလုပ်သည့် ကုန်ပစ္စည်းများ၏ (၆၀)%ကို ချက်ချင်းအကောက်ခွန်ကင်းလွတ်ခွင့်ခံစားရမည်ဖြစ်ပြီး ကုန်ပစ္စည်း(၉၀)%ကို တဖြည်းဖြည်းအခွန်ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

ဆားဘီးယားနိုင်ငံနှင့် FTA တွင်မူ ဆားဘီးယားနိုင်ငံမှ ကုန်ပစ္စည်း (၁၀,၅၀၀)နှင့် တရုတ်ထုတ်ကုန် (၉,၀၀၀)ခန့်သည် လွတ်လပ်စွာကုန်သွယ်မှုပြုသည့်စာရင်းတွင် ပါဝင်နေသောကြောင့် နှစ်နိုင်ငံကြား အဆိုပါကုန်ပစ္စည်းများကို ကုန်သွယ်မှုအတွက် သွင်းကုန်ခွန် ကင်းလွတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စံချိန်စံညွှန်းမြင့် ဈေးကွက်ဖွင့်လှစ်ခြင်းကို ချဲ့ထွင်ရန်နှင့် အရင်းအမြစ်များကို ပြည်တွင်း၌ရော နိုင်ငံတကာတွင်ပါ ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်စေရန်အတွက် တရုတ်နိုင်ငံသည် (၁-၁-၂၀၂၃) ရက်နေ့တွင် ကုန်ပစ္စည်း (၁၀၁၀)ကို Most-Favored-Nation rates ထက် လျော့နည်းသည့် ယာယီသွင်းကုန်ခွန်နှုန်းထားကို စတင်အကောင်အထည်ဖော်ခဲ့သည်ဟု နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်ကုန်အထိ တရုတ်နိုင်ငံသည် အာရှ၊ ပစိဖိတ်၊ လက်တင်အမေရိက၊ အာဖရိကနှင့် ဥရောပတို့မှ နိုင်ငံနှင့် ဒေသ (၂၉)နိုင်ငံနှင့် FTA (၂၂)ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏ FTA မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုသည် ၎င်း၏နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်း၏ သုံးပုံတစ်ပုံရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

FTAs များမှတစ်ဆင့် အပြန်အလှန်အကောက်ခွန်လျှော့ချခြင်းနှင့် တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့်ပေးခြင်းတို့ကို ပေါင်းစပ်ခြင်းဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ ဈေးကွက်ဖွင့်လှစ်မှုကို အတိုင်းအတာတစ်ခုအထိ ချဲ့ထွင်ရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်မှန်းထားကြောင်း World Economics and Politics တက္ကသိုလ်မှ သုတေသီ Gao Lingyun က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source:https://www.chinadaily.com.cn/a/202401/03/WS6594b4fca3105f21a507a403.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

......................................................................................................................

## RCEP သည် တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းမြို့ဖြစ်သည့် ပေ့ဟိုင်မြို့ရှိ Guangxi Sun Paper Board Co., Ltd. သည် တရုတ်ယွမ် (၄၃၀,၀၀၀)ခန့် (အမေရိကန်ဒေါ်လာ ၆၀,၀၉၈ ခန့်) တန်ဖိုးရှိသော Coated Ivory Board များကို နှစ်သစ်ကူးအားလပ်ရက်မတိုင်မီ ထုတ်ပိုးထားပြီး အင်ဒိုနီးရှားနိုင်ငံသို့ (၁၅)ရက်ခန့်အတွင်း ရောက်ရှိရန်မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership-RCEP)၏ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် အကောက်ခွန်ရှင်းလင်းသည့်အခါ ၎င်းတို့၏ ကုန်ပစ္စည်းများသည် ယွမ် (၂၀,၀၀၀)ခန့် အကောက်ခွန်သက်သာခွင့်ရရှိမည်ဟု ကုမ္ပဏီ၏ ပို့ကုန်အကောက်ခွန်ရေးရာ ဒါရိုက်တာ Liu Ning က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီသည် RCEP အောက်မှ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်အစောင် (၂၀၀)ခန့်ကို လျှောက်ထားခဲ့ရာ ကုမ္ပဏီသည် နိုင်ငံခြားကုန်သွယ်မှုတွင် အားသာချက် အသစ်များကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အင်ဒိုနီးရှား၌ ၎င်းတို့၏ဈေးကွက်ချဲ့ထွင်ရန် အထောက်အကူဖြစ်စေခဲ့ကြောင်း Liu က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့၌ စတင်အသက်ဝင်ခဲ့သော RCEP တွင် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် ၎င်းတို့၏ကုန်သွယ်ဖက်(၅)နိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့အပါအဝင် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံပေါင်း (၁၅)နိုင်ငံ ပါဝင်ကြောင်း၊ RCEP သည် အင်ဒိုနီးရှားနိုင်ငံအတွက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းသစ်များကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

RCEP သဘောတူညီချက်၏ ကတိကဝတ်နှင့်အညီ အင်ဒိုနီးရှားသည် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများ၏ (၆၅.၁)%အပေါ် စတင်အသက်ဝင်သည့်နေ့မှစ၍ အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားပြီး၊ တရုတ်နိုင်ငံသည်လည်း အင်ဒိုနီးရှားမှ ကုန်ပစ္စည်းများ၏ (၆၇.၉) %ကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရှိရပါသည်။

တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (China-ASEAN Free Trade Agreement -CAFTA) အရလည်း အင်ဒိုနီးရှားနိုင်ငံသည် မော်တော်ဆိုင်ကယ်၊ ရုပ်မြင်

Agribusiness & Trade

သံကြား၊ အဝတ်အစား၊ ဖိနပ်နှင့် ပလပ်စတစ်ထုတ်ကုန်များ အပါအဝင် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ကုန်ပစ္စည်း (၇၀၀)ကျော်ကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရှိရပါသည်။

အလားတူ နာနတ်သီးဖျော်ရည်၊ စည်သွတ်ဘူးများ၊ စက္ကူထုတ်ကုန်များနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများကဲ့သို့သော အင်ဒိုနီးရှားနိုင်ငံမှ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသည် အခွန်လျှော့ချပေးမည်ဖြစ်ပြီး အင်ဒိုနီးရှားမှ ကုန်ပစ္စည်းများအတွက် ၎င်း၏ဈေးကွက်ကို ပိုမိုဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုနီးကပ်လာခဲ့ကြောင်း၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၀)ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၅၀)ဘီလီယံအထိ တိုးလာခဲ့ကြောင်း၊ တရုတ်သည် အင်ဒိုနီးရှား၏အကြီးဆုံးကုန်သွယ်ဖက်အဖြစ် (၁၀)နှစ်ဆက်တိုက် ရပ်တည်ခဲ့ကြောင်း သိရှိရပါသည်။

RCEP သည် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံခြားကုန်သွယ်မှု တိုးတက်စေရန်အတွက် အရေးပါသော မောင်းနှင်အား ဖြစ်လာကြောင်း၊ အထူးသဖြင့် အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အားအင်သစ်များကို ဖြစ်ပေါ်စေခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံရှိ တရုတ်သံရုံး၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ပထမ (၁၀)လတွင် တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ (၁၁၄.၅)ဘီလီယံ ရှိခဲ့ပြီး ပထမ(၉)လအတွင်း တရုတ်သည် အင်ဒိုနီးရှားတွင် အမေရိကန်ဒေါ်လာ (၅.၆)ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၈)%ခန့် မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20240104/263d37d4ec5e4ada86599a61b5d02cdc/c.html
ကောခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Agribusiness & Trade

## ရုရှားနှင့် အီရန်တို့သည် ငွေပေးချေမှုစနစ် SWIFT ကို လုံးဝ စွန့်လွှတ်လိုက်ကြောင်း အီရန်ဗဟိုဘဏ်က ပြောကြားခဲ့

ရုရှားနှင့်အီရန်တို့သည် ၎င်းတို့၏ဘဏ္ဍာရေးစာတိုပေးပို့ခြင်းစနစ်များကို ချိတ်ဆက်ထားနိုင်သောကြောင့် ယခုအခါ ၎င်းတို့၏ဘဏ်များသည် တိုက်ရိုက်ငွေပေးငွေယူမှုများ လုပ်ဆောင်နိုင်ပြီဟု အီရန်ဗဟိုဘဏ်၏ နိုင်ငံတကာရေးရာ လက်ထောက်အကြီးအကဲ Mr. Mohsen Karimi က ပြောကြားခဲ့သည်။

နှစ်နိုင်ငံလုံး၏ စာတိုပေးပို့သည့်စနစ်များကို အပြန်အလှန်ချိတ်ဆက်ထားနိုင်ပြီ ဖြစ်ကြောင်း၊ နှစ်နိုင်ငံဘဏ်များသည် အချင်းချင်းဆက်သွယ်ရန် ဆွစ်ဇာလန်၏ SWIFT စနစ်ကို မလိုအပ်တော့ဘဲ နှစ်နိုင်ငံလုံး၏ ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကြားခံထူထောင်နိုင်ပြီဖြစ်ကြောင်း၊ တင်ပို့သူသည် ရုရှားဘက်မှ rials ဖြင့် ငွေစာရင်းအကောင့်တစ်ခု သတ်မှတ်နိုင်ပြီး အီရန်မှ ရုရှားဘဏ်များက ငွေလက်ခံနိုင်ပြီဖြစ်ကြောင်း လက်ထောက် အကြီးအကဲ Mr. Mohsen Karimi က ပြောကြားခဲ့သည်။

အီရန်ဗဟိုဘဏ်၏ လက်ထောက်အကြီးအကဲက နှစ်နိုင်ငံစလုံး၏ ပို့ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏နိုင်ငံသုံးငွေကြေးများဖြင့်(ရုရှား- ရူဘယ်နှင့် အီရန် - rials) အရောင်းအဝယ်ပြုလုပ်နိုင်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ရုရှားနှင့် အီရန် တို့၏ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံဓာတု၊ ဆေးဝါးနှင့် အခြားသော ကဏ္ဍများရှိ စီမံကိန်းအမျိုးမျိုးကို အကောင်အထည်ဖော်ရန်အတွက် ပူးတွဲရင်းနှီးမြှုပ်နှံမှုကော်မတီများ ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

ရူဘယ်နှင့် rials များဖြင့် ကူးသန်းရောင်းဝယ်ခြင်းများကို ခွင့်ပြုမည့် အီရန်နှင့် ရုရှားကြား ငွေကြေးဆိုင်ရာသဘောတူညီချက်ကို ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source : https://novelco.ru/press-tsentr/tegeran-i-moskva-polnostyu-otkazalis-ot-swift/

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

.........................................................................................................

Agribusiness & Trade